ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ်၊ ၈ /၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဥပဒေ၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပမှတင်သွင်းခွင့် မပြုသောပစ္စည်းများကို ပြင်ဆင်သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်လိုက်သည်-

**ပြည်ပမှ တင်သွင်းခွင့်မပြုသော ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်**

၂။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့် မပြုသော ကုန်ပစ္စည်းများအနက် အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းခွင့် မပြုသော ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) အရက်

(ခ) ဘီယာ

(ဂ) စီးကရက်

(ဃ) တည်ဆဲဥပဒေအရ ကန့်သတ်ထားသောပစ္စည်းများ

၃။ ပြည်ပမှ တင်သွင်းခွင့်မပြုသော ကျန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက် အခြေအနေများအပေါ် မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ လ ၂၃ ရက်နေ့စွဲပါ အမိန့်အမှတ် ၊ ၃ / ၂၀၁၁ အား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဦးဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၃ ( ၂၆ )

နေပြည်တော်၊ ၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး။
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။
လွှတ်တော်ရုံး။
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး။
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး။
ပြည်ထောင်စုရှေ့နေချုပ်ရုံး။
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး။
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး။
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန။
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်။
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်။
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး။
ဦးဆောင်ညွှန်ကြားရေးမှူး၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

အမိန့်အရ

(တိုးအောင်မြင့်)
ရုံးအဖွဲ့မှူး